နိဒါန်း

# The Aaon Group

ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Matt Tobolski ကိုယ်စား

> **ယနေ့သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ တိုးတက်ပြောင်းလဲမှုသမိုင်းတွင် အရေးကြီးသော မှတ်တိုင်တစ်ခု စိုက်ထူနိုင်သည့်နေ့ ဖြစ်ပါသည်။**

ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများဖြစ်ကြသော **AAON** နှင့် **BASX** တို့ကို ဘုံအမှတ်လက္ခဏာတစ်ခု၊ အနာဂတ်မျှော်မှန်းချက်တစ်ခုအောက်တွင် စုစည်းပေးမည့် မိခင်အမှတ်တံဆိပ်အသစ်တစ်ခုကို မိတ်ဆက်ပေးနေပေပြီဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများသည် သီးခြားအမှတ်တံဆိပ်များအဖြစ် ဆက်လက်လည်ပတ်သွားမည်ဖြစ်ပြီး၊ ဤမိခင်အမှတ်တံဆိပ်အသစ်သည် ကျွန်ုပ်တို့၏အဖွဲ့အစည်းကို တစ်စုတစ်စည်းတည်းဖြစ်အောင် ချိတ်ဆက်ပေးမည့် ဘုံအမှတ်လက္ခဏာအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်ရှိတွင် **AAON** နှင့် **BASX** အမှတ်တံဆိပ်များသည် ပိုင်ဘက်များနှင့် နိုင်းယှဉ်ပါက ဈေးကွက်အတွင်း လူသိများထင်ရှားသော အမှတ်လက္ခဏာများ၊ သီးခြားအားသာချက်များနှင့် ရှင်းလင်းပြတ်သားသော ရပ်တည်ချက်များ ရှိနကြေပြီဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ယခင်မိခင်ကုမ္ပဏီဖြစ်သော **AAON, Inc.** သည် **AAON** လုပ်ငန်းခွဲနှင့် အမည်အပြင် အမြင်အာရုံဆိုင်ရာ အမှတ်လက္ခဏာနှင့်ပါ တူညီနေခြင်းကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ လုပ်ငန်းပမာဏ တိုးချဲ့လာသည်နှင့်အမျှ အဓိက သက်ဆိုင်သူများ ဖြစ်ကြသော သုံးစွဲသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အဖွဲ့ဝင်များအကြား မကြာခဏ ဝေဝါးမှုများ ကြုံတွေ့ခဲ့ရပါသည်။

**ယခု အမှတ်တံဆိပ်အသစ် ပြောင်းလဲခြင်းသည် ထိုပြဿနာကို ဖြေရှင်းရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။**

လုပ်ငန်းခွဲအမှတ်တံဆိပ် နှစ်ခုလုံး၏အထက်တွင် သီးခြားထင်ရှားသော မိခင်ကုမ္ပဏီအမည်နှင့် အမှတ်လက္ခဏာအသစ်တစ်ခုကို တည်ထောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဈေးကွက်အတွင်း ပိုမိုရှင်းလင်းပြတ်သားမှုကို ဖန်တီးပေးနေခြင်း ဖြစ်ကာ အမှတ်တံဆိပ်နှစ်ခုလုံး၏ အစဉ်အလာ၊ စွမ်းရည်နှင့် ထူးခြားချက်များကို ထိန်းသိမ်းထားလျက် ကျွန်ုပ်တို့ ပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှု အတိုင်းအတာတစ်ခုလုံးကို သက်ဆိုင်သူအားလုံး ပိုမိုလွယ်ကူစွာ နားလည်နိုင်စေမည် ဖြစ်ပါသည်။

မပြောင်းလဲဘဲ ရှိနေမည့်အရာများသည်လည်း အလားတူပင် အရေးပါနေခြင်းသည် အရေးကြီးပါသည်

- **AAON** နှင့် **BASX** အမှတ်တံဆိပ် နှစ်ခုလုံး၏ အမှတ်လက္ခဏာများ
- ကျွန်ုပ်တို့၏ မဟာဗျူဟာ
- ကျွန်ုပ်တို့၏ လူသားအရင်းအမြစ်နှင့် ယဉ်ကျေးမှု

**ဤအမှတ်တံဆိပ်အသစ် ပြောင်းလဲခြင်းသည် အခွင့်အလမ်းသစ်များကိုလည်း ဖန်တီးပေးပါသည်။**

စုစည်းထားသော မိခင်အမှတ်တံဆိပ်တစ်ခုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုခိုင်မာသော အုတ်မြစ်ကို ပေးစွမ်းနိုင်ပြီး ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများအကြား ပိုမိုရှင်းလင်းပြတ်သားမှုနှင့် ဟန်ချက်ညီမှုကို ဆောင်ကြဉ်းပေးကာ ထုတ်ကုန်အသစ်များ၊ ဈေးကွက်များနှင့် ကဏ္ဍအသစ်များဆီသို့ တိုးချဲ့သွားနိုင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။ ထို့အပြင် ဆယ်စုနှစ်များစွာတစ်လျှောက် ကျွန်ုပ်တို့ တည်ဆောက်ခဲ့သော ယုံကြည်မှုနှင့် အမှတ်တံဆိပ်၏ တန်ဖိုးတို့ကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်စေမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အမည်နှင့် အမှတ်လက္ခဏာအသစ်ကို အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် မိတ်ဆက်ပေးအပ်ပါသည်

The Aaon Group

AAON

BASX

ယခုကဲ့သို့ အပြောင်းအလဲတစ်ခုသည် မေးခွန်းများစွာ ထွက်ပေါ်လာစေနိုင်သည်ကို ကျွန်ုပ်တို့ နားလည်ထားပြီး၊ ဤအကူးအပြောင်းကာလအတွင်း သင်တို့ ယုံကြည်မှုရှိရှိ ဖြတ်သန်းနိုင်ရန် လိုအပ်သော ကိရိယာများနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးသွားမည်ဟု ကတိပြုပါသည်။

ပထမဦးစွာ ဤဗီဒီယိုတိုလေးကို ခဏတာအချိန်ပေး၍ ကြည့်ရှုပေးပါရန်


ကျွန်ုပ်တို့၏ အမည်နှင့် လိုဂိုအသစ်ကို ယနေ့တွင် ကျွန်ုပ်တို့ ဖန်တီးနေသည့် အံ့သြဖွယ်ရာ တန်ဖိုးများနှင့် မနက်ဖြန်တွင် ကျွန်ုပ်တို့ ဖြေရှင်းပေးမည့် ကမ္ဘာကြီးကို ပြောင်းလဲစေမည့် ပြဿနာရပ်များကို ထင်ဟပ်စေရန် သေချာစွာ စဉ်းစား တွေးခေါ်ကာ မဟာဗျူဟာမြောက် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်သည်ကို ပိုမိုရှင်းလင်းစွာ ဖော်ပြနိုင်ခြင်းဖြင့်၊ ကျွန်ုပ်တို့ ဦးတည် သွားမည့် ခရီးလမ်းအတွက် ပိုမိုခိုင်မာသော ပလက်ဖောင်းတစ်ခုကို ရရှိထားပြီး ဖြစ်ပါသည်။

လာမည့် သီတင်းပတ်များအတွင်း သင်တို့ ရရှိကြမည်မှာ

- သင် သို့မဟုတ် သင့်အဖွဲ့ထံမှ လိုအပ်သော ဆောင်ရွက်ချက်များဆိုင်ရာ ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များ
- နောက်ဆုံးထွက် အမှတ်တံဆိပ်ဆိုင်ရာ လမ်းညွှန်ချက်များ
- အပြောင်းအလဲအကြောင်း ဆက်သွယ်ပြောဆိုရာတွင် အထောက်အကူပြုမည့် ဆွေးနွေးချက် အချက်အလက်များ

ဤကုမ္ပဏီကို တည်ဆောက်ပေးရန် သင်တို့ နေ့စဉ် လုပ်ဆောင်သမျှ အရာအားလုံးအတွက် ကျေးဇူးတင် ရှိပါသည်။

**ဂုဏ်ယူဝမ်းမြောက်စွာဖြင့်။**



**Matt Tobolski, PhD**
President & CEO

